# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့အစီအစဉ်

# ( ၁၅ – ၆ –၂၀၂၆ ) ( တနင်္လာနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ငွေး၊ ပျဉ်းမနားမဲဆန္ဒနယ်၏ **ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသတွင် ဒေသခံတိုင်းရင်းသား တောင်သူများ စိုက်ပျိုးလျက် ရှိကြသည့် ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများအား စီမံချက်ချမှတ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်၊ အင်ပင်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ/ကောလိပ် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုးကျော်နိုင်၊ ကျွန်းလှမဲဆန္ဒနယ်၏ **ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့နယ်တို့အား ဆက်သွယ်ထားသည့် ရွှေဘို–မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီး လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ မြင်းမူမဲဆန္ဒနယ်၏ **မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝန်းအတွင်း ၄ ခန်းတွဲ၊ ၄ ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်၏ **တရားမဝင် ယစ်မျိုးလိုင်စင်များကို မည်ကဲ့သို့ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်မြင့်သန်း၊ ကျောက်ဆည်မဲဆန္ဒနယ်၏ **ကျောက်ဆည်မြို့ပေါ် (၁၀) ရပ်ကွက်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကျေးရွာများအား မြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်၏ **ကလေးမြို့ ပြည်သူ့ဆေးရုံကြီးကို (ခုတင် ၃၀၀) မှ (ခုတင် ၅၀၀ ) သို့ အဆင့်တိုးမြှင့်ပေးနိုင်ပါရန်၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးနိုင်ပါရန်နှင့် ဆေးရုံကြီးတွင်လိုအပ်လျက်ရှိသော ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီးနှင့် ၎င်းဌာနအတွက် ခါတ်မှန်ကျွမ်းကျင်အဆင့် (၂) တို့အား ခန့်ထားပေးနိုင်ပါရန်** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်၏ **လဲချားမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးကို (၂၅) ခုတင် မှ ခုတင် (၅၀)သို့ အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်တွင် ထည့်ထားပေးပါရန်၊ လက်ထောက်ဆရာဝန်တစ်ဦး အမြန်ဆုံးခန့်အပ်ပေးပါရန်နှင့် မွေးလူနာအဆောင် သီးသန့်တစ်ဆောင် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးသန်းအေး၊ ကျောက်ဖြူမဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့ ကုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် အရေးတကြီးလိုအပ်နေသည့် ဆေးဝါးများနှင့် ဆရာဝန်၊ ဝန်ထမ်းများအား ဆောလျင်စွာ စေလွှတ်ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ အား သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်၊ ညောင်ရိုး ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ကာလတွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာဌေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်က တင်သွင်းသည့် **“လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှထွက်ရှိသော ထွက်ကုန်သီးနှံ ဈေးနှုန်းထိန်းညှိရေး ကော်မရှင် တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုအောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာလှတင့်၊ ဇဟန်း မဲဆန္ဒနယ်

(ခ) ဦးဝင်းဇော်ဦး၊ သာယာဝတီ မဲဆန္ဒနယ်

(ဂ) ဦးအောင်နိုင်၊ ဝေါ မဲဆန္ဒနယ်

(ဃ) ဦးကျော်သူရ၊ လက်ပံတန်း မဲဆန္ဒနယ်

(င) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီး မဲဆန္ဒနယ်

(စ) ဦးဌေးဝင်း၊ ဟသ်ာတ မဲဆန္ဒနယ်

(ဆ) ဦးဇော်မင်း၊ ကျုံပျော် မဲဆန္ဒနယ်

(ဇ) ဦးစန်းမောင်၊ ဘိုကလေး မဲဆန္ဒနယ်

(ဈ) ဦးတင်ဦး၊ အိမ်မဲ မဲဆန္ဒနယ်

(ည) ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်

၈။ ဒေါက်တာဌေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင်ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၆။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီတွင်ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၁၉။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတွင်ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၂၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ငွေနှင့်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၂၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။